အားဖြင့် ထိုသို့ လေးစား ကျေနပ် လောက်ပါသေး၏လော။

(ခ) ရှေးက ဘုန်းတော်ကြီးများသည် ရပ်သူရွာသား ကလေးများကို ယဉ်ကျေးလိမ်မာအောင် ဆုံးမ၍ အတတ်ပညာကိုလည်း (လုံးလုံး အခမဲ့ တကဲ့မေတ္တာ စေတနာဖြင့်) သင်ပေးတော်မူခဲ့ကြ၏၊ ယခုအခါ၌ ကား ဘုန်းတော်ကြီးများ၏ ကျောင်း၌ စာသင်ယူ မည့် ကလေးများပင် ရှားပါးနေတော့သည်။

(ဂ) ဘုန်းတော်ကြီး ကျောင်း၌ စာသင်ယူမည့် ကလေး များ ရှားပါးခြင်း၏ အကြောင်းမှာလည်း ဘုန်းကြီး များက သင်မပေးလိုကြ၍ မဟုတ်၊ "ဘုန်းတော်ကြီး ကျောင်းမှ ထွက်လာသော ကလေးများသည် များ သောအားဖြင့် အောက်ကျ နောက်ကျ ရှိကြ၏" ဟု ယူဆ၍ ဘုန်းကြီးကျောင်းထွက် မိဘများကိုယ်တိုင်က မိမိသားကို မထားလိုကြတော့ခြင်းကြောင့် ဖြစ်ဟန် တူလေသည်။ (ဝမ်းနည်းဘွယ် ကောင်းလေစွ။)

၂။ တဖန်....မြို့ကြီး မြို့ငယ် အသွယ်သွယ်ရှိ ဘုန်းတော်ကြီး များ၏ သြဇာအာဏာကို စဉ်းစားကြဦးစို့၊ အနည်း ငယ်သော ဆရာတော်များမှ တပါး အများအပြား ဘုန်းတော်ကြီးတို့မှာ သြဇာအာဏာများကို မဆို ထားဘိ, လူကြီး လူကောင်း ဆိုသူများ၏ လေးစား ရိုသေခြင်းကိုမျှ ခံရဘို့ ခဲယဉ်းလေတော့သည်၊ ထိုသို့ ဖြစ်ရာ၌ အကြောင်းကား အသို့ပါနည်း—